# အင်္ဂလန်ခရီး မပြီးသေးပါ (၁၇)

အရှင်ဉာဏိက

မဒမ် တုဆော့ဒ် ၊ ထုးပေ့ါ ဆန်းပေ့ါ




မဒမ်တုဆော့ဒ် **Madame Tussauds (London)** က ဖရောင်းရုပ်တုပြတိုက်တစ်ခု။ ကမ္ဘာမှာထင်ရှားတဲ့ ပုဂ္ဂိုလ်များရဲ့ ရုပ်တုတွေကို တူနိုင်သမျှတူအောင် ဖန်တီးပြုလုပ်ပြီး ပြတိုက်လုပ်ကာ ဝင်ငွေရှာတဲ့နေရာ။ အနုပညာဖက်က ကမ္ဘာကျော်ရုပ်ရှင်ဆူပါစတားတွေနဲ့ အဆိုတော်တွေ။ အားကစားဖက်က ကမ္ဘာကျော် ဘောလုံး၊ ဘော့စ်ဘော၊ ကရက်ကက်၊ ဘပ်စကတ်၊ လက်ေ့ဝှ စတဲ့ အကျော်အမော်တွေ။ နိုင်ငံရေးဖက်မှာ နာမည်ဆိုးကောင်းနဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ ထင်ရှားတဲ့ ဘာသာရေးခေါင်းဆောင်အချို့။ အင်္ဂလန်ရဲ့ တော်ဝင်မိသားစုဝင်တွေ စတဲ့စတဲ့ နယ်ပယ်စုံက သူတွေကို ပြသထားတယ်။ ကွယ်လွန်သွားပြီးသူတွေရော၊ သက်ရှိထင်ရှားရှိနေသူတွေရော။ အဟောင်း အသစ်၊ အကောင်း အဆိုး၊ အစုံအလင်။ ထင်ရှားသူ အစုံအလင် ပြသထားတာ စိတ်ဝင်စားစရာဖြစ်ပေမယ့် အချို့သူတွေအဖို့ ဒါကပဲ သည်းခံဖို့ ခက်ခဲတာမျိုးလည်း ဖြစ်တတ်ပါတယ်။ ၂၀၀၈ နှစ်လယ်လောက်ဆီက ဂျာမဏီနိုင်ငံ ဘာလင်မှာရှိတဲ့ မဒမ် တုဆော့ဒ်ပြတိုက်ထဲက အဒေါ့ဖ် ဟစ်တလာရဲ့ပုံကို ၄၁ နှစ်အရွယ် ဂျာမန်လူမျိုးတစ်ယောက်က အစောင့်တွေ ကျော်ဖြတ်ပြီး ခေါင်းရိုက်ချိုးတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်သွားတာကို ကြားမိလိုက်ပါတယ်။

ပြည်သူတွေချစ်ခင်လေးစားတဲ့ အနုပညာရှင်တွေ၊ အားကစားသမားတွေ၊ အခြားကျော်ကြားထင်ရှားသူတွေနဲ့ လူဆိုးတွေ၊ နာမည်ဆိုးနဲ့ ထင်ရှားသူတွေကို အတူထားပြီး ပြသတာဟာ တကယ်ရော သင့်လျော်တာမှ ဟုတ်ပါလေစလို့ မေးခွန်းထုတ်သူတွေလည်း ပေါ်လာပါတယ်။ ဟစ်တလာခေါင်း ရိုက်ချိုးခဲ့တဲ့သူက အလောင်းအစားတစ်ခုကြောင့် ခုလိုလုပ်တာပါလို့ နောက်ပိုင်းမှာ ဝန်ခံခဲ့ပေမယ့် အမုန်းခံသမားများရဲ့ ဆိုးသွမ်းတဲ့လုပ်ရပ်များဟာ ဘယ်လောက်တောင် လူအများအတွက် နာကျည်းစရာတွေကို ချန်ထားခဲ့ရစ်တယ်ဆိုတာ ဒီဖြစ်ရပ်က သင်္ခန်းစာပေးလိုက်သလိုပါပဲ။ ဆင ခြင် စဉ်းစားစရာ၊ သံဝေဂလည်းယူစရာပါ။

ဖရောင်းရုပ်တုပြတိုက်အကြောင်းကို ကြားဖူးပေမယ့် မဒမ်တုဆော့ဒ်ဆိုတဲ့ ပြတိုက်ရဲ့ ဒီနာမည်ကတော့ ကိုယ်နဲ့ သိပ်ပြီး မရင်းနှီးလှပါဘူး။ ကိုယ်လေ့လာလိုတဲ့ နေရာထဲမှာလည်း မဒမ်တုဆော့ဒ်ဆိုတာ ဘယ်တုံးကမှ မပါဝင်ခဲ့ပါဘူး။ သို့ပေမယ့် ကိုယ်နဲ့ အင်္ဂလန်ခရီးစဉ်ကို အတူသွားခဲ့တဲ့ ရွှေမင်းဝံဆရာတော်ကိုတော့ မြန်မာပြည်က ဒကာများက လန်ဒန်ကိုရောက်ရင် သွားဖို့သင့်တဲ့နေရာတွေကို ရေးပေးလိုက်တယ်၊ ဒီအထဲမှာ ဒီမဒမ်တုဆော့ကိုလည်း ထည့်ရေးပေးလိုက်တော့ ဆရာတော်ကတော့ သွားဖို့ ဆန္ဒပြင်းပြပါတယ်။ ဒါနဲ့ ကိုယ်လည်း ဒီပြတိုက်ကို ရောက်ဖြစ်သွားတယ်။

လန်ဒန်မှာရှိနေသူတွေကတော့ ဒီနေရာကို နောက်ထပ်တစ်ခါ သွားလိုကြဟန် မတူပါဘူး။ပြတိုက်ထဲကိုဝင်ရဖို့ နာရီနဲ့ချီ စောင့်ရတာကို မနှစ်သက်ကြတာကြောင့်ပါ။ ကိုယ်တို့သွားတဲ့နေ့ကတော့ ရုံးဖွင့်တဲ့နေ့၊ ရုံးတွေဖွင့်တဲ့အချိန်။ ဒါကြောင့် ပြတိုက်ထဲဝင်ဖို့ မိနစ် ၂၀ လောက်ပဲစောင့်ရတယ်။ ပြတိုင်ဝင်ကြေးက တစ်ဦးကို ၂၅ ပေါင်တဲ့။ လန်ဒန်မှာ အဖိုးမဖြတ်နိုင်လောက်အောင် သမိုင်းတန်ဖိုးကြီးမားတာတွေကို ပြသထားတဲ့ ဗြိတိသျှနဲ့ ဗစ်တိုးရီးယားစတဲ့ပြတိုက်လိုမျိုးတွေက အခမဲ့ ပြသထားပါလျက်ကယ်နဲ့ သမိုင်းတန်ဖိုး အလွန်မကြီးလှတဲ့ (ကိုယ့်အယူအဆ) ဒီမဒမ်တုဆော့ဒ်ကြမှ ဘာလို့ ခုလိုတန်ဖိုးကြီးကြီး ယူထားတယ်ဆိုတာကိုတော့ နားမလည်နိုင်ပါဘူး။ အခြားပြတိုက်တွေမှာ အစိုးရဘတ်ဂျက်ဆိုတဲ့ ပြည်သူ့ဘဏ္ဍာငွေက အချိုးကျလာပြီး မဒမ်တုဆော့ဒ်မှာတော့ အဲဒီဘက်က အထောက်အပံ့ မလာလို့ဖြစ်မှာပေ့ါလို့ တွေးမိပါတယ်။ ဟုတ် မဟုတ်တော့ မပြောနိုင်ပါဘူး။

မဒမ်တူဆော့ဒ် ပြတိုက်တွေက ကမ္ဘာအနှံ့။ အမေရိကမှာဆို နယူးယောက်၊ လပ်စဗေးဂပ်စ်နဲ့ ဝါရှင်တန်ဒီစီမှာ။ ဟော်လန်မှာဆို အမ်စတာဒမ်၊ ဂျာမဏီမှာလည်း ဘာလင်။ တရုတ်ပြည်မှာတော့ ဟောင်ကောင်ကျွန်းနဲ့ ရှန်ဟိုင်း။ အခြားကမ္ဘာ့မြို့ကြီး အတော်များများမှာလည်း အလားတူ ပြတိုက်မျိုးတွေ ရှိရဲ့တဲ့။ အမေရိကမှာ မဒမ်တူဆော့ဒ် ပြတိုက်ရှိတဲ့မြို့အားလုံး အကြိမ်ကြိမ်အခါခါ ရောက်ဖူးပေမယ့် တခါမှ မဒမ်တူဆော့ဒ်ထဲကို ဝင်မကြည့်ဖူးဘူး။ ခုတစ်ခါက ကိုယ့်အတွက် ပထမဆုံးအကြိမ်။

လန်ဒန်ရှိ မဒမ်တူဆော့ဒ်ပြတိုက်ကိုတော့ ၁၈၃၅ ခုနှစ်မှာ လန်ဒန်ရဲ့ ဘေကာလမ်းပေါ်မှာ စတင်တည်ထောင်ခဲ့တယ်။ နေရာအကန့်အသတ်ကြောင့် လက်ရှိ မရီလီဘွန်းလမ်းပေါ်ကို ၁၈၈၄ ခုနှစ်မှာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တယ်။ လန်ဒန်ရှိ ပြတိုက်က ကမ္ဘာမှာ ပထမဆုံးသော ဖရောင်းပြတိုက်လို့လဲဆိုပါတယ်။ မစ်စ် တူဆော့ဒ်ရဲ့ ပထမဆုံးဖရောင်းရုပ်တုအတွက် မော်ဒယ် သရုပ်ပြခဲ့သူက ဘော့လ်တိုင်းယား **(Voltaire)** လို့ လူသိများတဲ့ ကမ္ဘာကျော် ပြင်သစ်ဆရာကြီး **Francois-Marie Arouet** ဖြစ်ပါသတဲ့။ ဒါကလည်း အဆန်း။

ရုပ်တုအများစုက အပြင်က တကယ့်လူသားနဲ့ ခွဲခြားမရအောင် တူလှပါတယ်။ အပြင်မှာ တကယ့်လူအစစ်နဲ့ အတူယှဉ်တွဲကာ အမှတ်တရဓာတ်ပုံရိုက်ဖို့ ခက်ခဲတယ် မဟုတ်လား။ ဒါကြောင့် စိတ်ဖြေရာအနေနဲ့ ကမ္ဘာကျော်တွေနဲ့ စိတ်တိုင်းကျ ဒီအထဲမှာ ဓာတ်ပုံတွဲရိုက်ကြတယ်။ မဒမ်တူဆော့ဒ်ကို လာကြသူအများစုရဲ့ ရည်ရွယ်ချက်ထဲမှာ ခုလိုကမ္ဘာကျော်ပုဂ္ဂိုလ်ရုပ်တုတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်ဖို့လည်း ပါမယ်ထင်ပါတယ်။



ကိုယ်ကတော့ မြန်မာတွေနဲ့ ကျွမ်းဝင်ရင်းနှီးတဲ့ ဟာသ သရုပ်ဆောင် ဂျင်မ်ကယ်ရီရုပ်တုနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ဖြစ်တယ်။ သူ့ပုံက ပျော်ရွှင်စရာ မဟုတ်လား။ နောက်ပြီး သူက မြန်မာတွေအပေါ် စာနာသူမို့ စိတ်ဝင်စားတာလဲ ပါတာပေါ့။ ကိုယ့်လိုပဲ ကိုယ့်စိတ်ဝင်စားမှုနဲ့ကိုယ် ဓာတ်ပုံတွဲရိုက်ကြသူတွေနဲ့ မဒမ်တူဆော့ဒ်ပြတိုက်အတွင်းမှာတော့ စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင်။ ဒီထဲက ရုပ်တုတွေလည်း ပြင်ပလောကက အခြေအနေကိုလိုက်လို့ လူစိတ်ဝင်စားမှု များမများလည်း ပြောင်းလဲနိုင်မယ် ထင်တယ်လို့ ခန့်မှန်းမိပါတယ်။ အမေရိကန်သမတ မစ္စတာအိုဘားမား၊ ဘရစ်တနီစပီယားနဲ့ နစ်ကိုးလ် ကစ်ဒမင်း ရုပ်တုတွေကတော့ ကိုယ်ရောက်သွားချိန်မှာ ပေါ်ပြူလာအဖြစ်ဆုံး သရုပ်ဆောင်တွေပါပဲ။ မစ္စတာအိုးဘားမားရဲ့ ဘဲဥပုံရုံးခန်းထဲက သမတထိုင်ခုံလို အတုလုပ်ထားတဲ့ ကုလားထိုင်ပေါ်မှာထိုင်ပြီး ငွေပေးကာ ခဏဓာတ်ပုံ အရိုက်ခံလိုသူတွေက တန်းစီစောင့်နေလေရဲ့။ မစ္စတာ အိုးဘားမားရဲ့ ရုပ်တုကြီးကတော့ လက်ကိုဟန်ပါပါပိုက်ကာ ကုလားထိုင်ဘေးမှာ ပြုံးပြုံးကြီး ရပ်လို့နေရဲ့လေ။ သူ့ကုလားထိုင်ကို ဘယ်သူ လုထိုင်မှာမှ မဖြုံပါဘူးဆိုတဲ့ အပြုံးမျိုးနဲ့။

တချို့ကတော့လည်း ထင်ရှားလို့ ဓာတ်ပုံတူရိုက်လိုကြတာ မဟုတ်ပဲ ထူးဆန်းနေလို့ ရိုက်ချင်ကြတာလည်း ပါမှာပါပဲ။ နေရာအနှံ့သွားနေတဲ့ ကိုယ်တောင်မှပဲ ရောက်လေရာရာ နေရာတော်တော်များမှာ အတူတွဲပြီး အမှတ်တရ ဓာတ်ပုံရိုက်ခွင့်ရနိုင်မလားဆိုပြီး လာပြီးခွင့်တောင်းကာ ဓာတ်ပုံရိုက်တတ်သူတွေနဲ့ တော်တော်များများ တွေ့ခဲ့ဖူးပါတယ်။ အခြားရဟန်းတော်များလည်း ကိုယ့်လိုပဲ တွေ့ဘူးကြမှာပါ။

ကိုယ်ထင်တယ်။ အာရှဖက်ကလာတဲ့သူတွေနဲ့ မီဒီယာတွေအားကောင်းတဲ့ မြောက်အမေရိကနဲ့ အင်္ဂလန်လို နိုင်ငံတွေက သူတွေက ရဟန်းတော်တွေအဝတ်အစားနဲ့ သိပ်ပြီး မစိမ်းပေမယ့် အာဖရိက၊ တောင်အမေရိက၊ အရှေ့ဥရောပလိုနိုင်ငံတွေ၊ ဗုဒ္ဓဘာသာနဲ့အလှမ်းဝေးတဲ့ အနောက်ဥရောပ အချို့နိုင်ငံကသူတွေအဖို့ ရဟန်းတော်များရဲ့

သက်န်းနဲ့ အသွင်အပြင်က အတော်စိမ်းနေဟန်ရှိပါတယ်။ အချို့ဆိုလျှင် ဒါက ဘာအဝတ်အစားလဲ၊ ဘာလူမျိုးလဲ၊ ဘာ ဘာသာလဲ ဆိုတာ မေးကြတဲ့အထိ စိမ်းကြပါတယ်။ ဘာသာရေး ဗဟုသုတအားနည်းသူများဆိုလျှင် ဗုဒ္ဓဘာသာဆိုတာတောင် ဘာလဲလို့ မသိတဲ့သူတွေကိုပင် တွေ့ရဖူးပါတယ်။

မဒမ်တူဆော့ဒ်ထဲမှာ အဟုတ်လူလား၊ အရုပ်လူလား ခွဲခြားဖို့ ခက်တာတွေက တော်တော်များများပဲ မဟုတ်လား။ ပရိတ်သတ်အများစုကြားမှာ ကင်မရာတစ်လုံးနဲ့ ဂျပန်အမျိုးသမီးဓာတ်ပုံသမားတစ်ဦးလို ဝတ်စားထားတဲ့ တစ်ယောက်က ရှေ့မှာရှိတဲ့ ဖရောင်းရုပ်တစ်ရုပ်ကို ဓာတ်ပုံရိုက်နေဟန် ထုလုပ်ထားတာကို သက်ရှိလူသားတစ်ဦးထင်ပြီး ကိုယ်တောင်မှပဲ သူ့ကို Excuse me လုပ်ဖြစ်လိုက်သေးတာ။ ပြတိုက်အတွင်းမှာတွေ့ရတဲ့ အဖြူကလေး အများစုက ကိုယ့်ကို လှည့်ကြည့်လှည့်ကြည့်နဲ့။ ဘာလူမျိုးလဲ၊ ဘာအဝတ်စားလဲပေါ့။ ဒါနဲ့သူတို့ကို စချင်စိတ်ဖြစ်လာပြီး လှေကားအတက်တစ်ခုနားမှာ မျက်မှန်နက်တပ်ပြီး မလှုပ်မရှက် ငြိမ်ငြိမ်လေး ရပ်နေလိုက်တယ်။ ကိုယ့်လက်ထဲမှာလည်း ကင်မရာက တွဲလောင်းဆွဲလျက်။

ကလေးမတစ်ယောက်က လက်ထဲကကင်မရာကို လာကိုင်ကြည့်ပြီး ဒယ်ဒီ၊ ကြည့်စမ်း၊ ဒီမှာ အဟုတ်ကင်မရာကြီး– တဲ့။ ကိုယ်က ပြုံးပြလိုက်မှ သမီးကလည်း အဟုတ်ကင်မရာပေါ့။ သူက အဟုတ်လူတစ်ဦးပဲဟာဆိုမှ ကိုယ့်ကို အရုပ်တစ်ရုပ် မဟုတ်မှန်း သူမသိသွားတယ်။ တစ်ယောက်ကတော့ ကိုယ့်ပခုံးဖက်ပြီး သူ့အဖော်တွေကို ဓာတ်ပုံရိုက်ပေးဖို့ ပြောတယ်လေ။ သူမကလည်း ကိုယ့်ကို အရုပ်တစ်ရုပ်လို ထင်ပုံရတယ်။ သူမရိုက်ပြီးမှ ကျေးဇူးပါပဲလို့ ကိုယ်ကပြောလိုက်မှ အော် ဆောရီးနော်။ ဒီက အရုပ်တစ်ရုပ်မှတ်နေလို့တဲ့။ ရပါတယ်လို့ ဆိုလိုက်မှ တကယ့်လူထူးဆန်းတစ်ဦးကို တွေ့လိုက်ရသလိုမျိုး ရှက်ပြုံးပြုံးလို့ နှုတ်ဆက်ထွက်သွားလေရဲ့။ ကိုယ့်အတွက်တောင် ခုလို ရေးစရာတစ်ခုဖြစ်လာသေးလျှင် သူတို့အတွက်လည်း အိမ်ကိုပြန်ရောက်တဲ့အခါ အနည်းဆုံး သူတို့မိတ်ဆွေတွေကို ပြောစရာတစ်ခုတော့ ရသွားမှာပါပဲ။ ကိုယ့်ဓာတ်ပုံကိုပြပြီး ဟေး ကြည့်၊ ဒါ အရုပ်လား၊ လူလားဆိုတဲ့မေးခွန်းကိုလည်း သူ့မိတ်ဆွေတွေကို မေးကောင်းမေးနေဦးမှာ။ ကိုယ်အရုပ်တစ်ရုပ် မဟုတ်ပါဘူးနော်။ အဟုတ် လူသားတစ်ဦးပါ။

စလိုစိတ်နဲ့ စလိုက်တာ။ ပျော်ပါစေဆိုတဲ့ သဘောနဲ့။ သူတို့တွေ ကျေနပ်တာကိုမြင်ရလို့ ဝမ်းသာမိပါတယ်။ ဒါပေမယ့် နောက်မှ မနှစ် နှစ်လယ်ပိုင်းဆီက ကြားခဲ့ရတဲ့ ဘာလင် မဒမ်တူးဆော့ဒ်က အဒေါ့ ဟစ်တလာရုပ်တုအကြောင်း ပြန်ပြီး သတိရမိတယ်။ နောက်ပြီးလည်း မတော်လို့များ ကိုယ့်ကိုယ်လည်း ဟစ်တလာကို ခေါင်းရိုက်ချိုးသလိုမျိုး ခေါင်းရိုက်ချိုးချင်တဲ့သူနဲ့များတွေ့ခဲ့လျှင်ဖြင့် ဒုက္ခပါပဲလို့လည်း တွေးမိပါတယ်။ ဒါပေမယ့် ဘယ်လူသားတစ်ဦးအပေါ်မှာမှ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်စေအောင် အလိုဆိုးနဲ့ တမင်သက်သက် မလုပ်ခဲ့၊ မပြောခဲ့။ ကုန်ကုန်ပြောရလျှင် စိတ်နဲ့တောင် မကြံစည်ခဲ့တဲ့ ကိုယ့်အဖို့ ဟစ်တလာကို မုန်းသလိုမျိုးတော့ မုန်းမည့်သူ ရှိမှာ မဟုတ်ပါဘူးလို့ ကိုယ့်ကိုယ်ကို ယုံကြည်မိပြီး ကျေနပ်မိလို့ ပြုံးမိပါရဲ့။ ကိုယ်စခဲ့လို့ ကိုယ့်ကိုယ် အရုပ်တစ်ရုပ်လိုထင်ပြီး ပခုံးဖက်လို့ ဓာတ်ပုံရိုက်သွားတဲ့သူလည်း ကိုယ့်ဓာတ်ပုံကိုပြန်ကြည့်ကာ အနည်းဆုံး တစ်ကြိမ်လောက်တော့ ပြုံးနေပြီးသား ဖြစ်မှာပါ။ သန့်စင်တဲ့ အပြုံးဖြစ်လို့မို့ သူမရဲ့ အဲဒီအပြုံးဟာ သူမကိုယ်တိုင်ရော၊ မြင်ရတဲ့အခြားသူတွေအဖို့ပါ ကြည်နူးကျေနပ်ဖွယ်ကောင်းမှာပါ။ လူသားတွေရဲ့ သန့်စင်တဲ့အပြုံးဆိုတာ အခြားအရာတွေနဲ့ လဲလှယ်လို့ ရနိုင်ကောင်းတဲ့အရာမျိုးမှ မဟုတ်တာ။ ။